# အငြင်းပွားမှုဖြေရှင်းရေး ခုံသမာဓိကောင်စီဝင်(၁၅)ဦးတို့၏ ကိုယ်ရေးအချက်အလက်များ

## ဝန်ကြီးဌာနက ရွေးချယ်သော ပုဂ္ဂိုလ်(၅)ဦး

### (၁) ဒေါက်တာသန်းဝင်း

ဒေါက်တာသန်းဝင်းသည် ၉-၂-၁၉၅၅ ခုနှစ်တွင် မွေးဖွားခဲ့ပြီး၊ ရန်ကုန်နည်းပညာတက္ကသိုလ်မှ ပါရဂူဘွဲ့ (Ph.D)(Engineering Maths) ရရှိခဲ့သူဖြစ်ပါသည်။ ၁၉၈၆ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ စစ်တက္ကသိုလ်တွင် စာပေနည်းပြအဖြစ် ပါမောက္ခ(ဌာနမှူး)တာဝန်ထိ ထမ်းဆောင်ခဲ့ပြီး၊ ၂၀၀၇ ခုနှစ်တွင် အလုပ်သမားဝန်ကြီးဌာနသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့သည်။ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်တာဝန် ထမ်းဆောင်ရာမှ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အငြိမ်းစားယူခဲ့သည်။

### (၂) ဒေါ်စန်းစန်း

ဒေါ်စန်းစန်းသည် ၂၈-၁၁-၁၉၄၉ ခုနှစ်တွင် မွေးဖွားခဲ့ပြီး၊ B.S.C(Geo;)၊ D.I.L ၊ D.L, အထက်တန်းရှေ့နေစဉ်(၄၇၆၃၀/၂၀၁၆)ရရှိခဲ့သူဖြစ်ပါသည်။ ၁၉၇၇ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင် ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း၊ ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်တွင် Commissioner အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ၁၉၈၆ ခုနှစ်မှ ၂၀၁၇ ခုနှစ် ယနေ့ထိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ စည်းကမ်းထိန်းသိမ်းရေးဌာနကြီးတွင် ခေါင်းဆောင်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပါသည်။

### (၃) ဦးဖေအောင်ဝန်

ဦးဖေအောင်ဝန်သည် ၆-၁၂-၁၉၄၇ ခုနှစ်တွင် မွေးဖွားခဲ့ပြီး၊ (ဥပဒေဘွဲ့) ရရှိခဲ့သူဖြစ်ပါသည်။ ၁၉၆၉ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ အလုပ်သမားဝန်ကြီး ဌာန၊ ဝန်ကြီးရုံးတွင် ရုံးအဖွဲ့မှူးအဖြစ်လည်းကောင်း၊ ၂၀၀၃ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင် ညွှန်ကြားရေးမှူးအဖြစ်လည်ကောင်း တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပါသည်။

(၄) **ဦးသောင်းစိန်**

ဦးသောင်းစိန်သည် ၂၉-၆-၁၉၅၄ ခုနှစ်တွင် မွေးဖွားခဲ့ပြီး၊ B.A(Geo;) ဘွဲ့ရရှိခဲ့သူဖြစ်ပါသည်။ ၁၉၇၂ ခုနှစ်မှ ၁၉၈၃ ခုနှစ်အထိ ဆောက်လုပ်ရေးကော်ပိုရေးရှင်းတွင် အထက်တန်းစားရေးအဖြစ်လည်းကောင်း၊ ၁၉၈၃ ခုနှစ်တွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၌ ဒုလက်ထောက်ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း ၊ ၁၉၈၃ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင် လက်ထောက်ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း ၊ ၂၀၁၃ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနတွင် ဒုတိယညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပါသည်။

(၅) **ဦးအောင်သန်း**

ဦးအောင်သန်းသည် ၂-၂-၁၉၄၄ ခုနှစ်တွင် မွေးဖွားခဲ့ပြီး၊ ဝိဇ္ဇာဘွဲ့ (သမိုင်း) ရရှိခဲ့သူ ဖြစ်ပါသည်။ ၁၉၆၀ ခုနှစ်မှ ၁၉၇၀ ခုနှစ်အထိ အလုပ်သမား ဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့တွင် အောက်တန်းစာရေးမှ အထက်တန်းစာရေး အထိလည်းကောင်း၊ ၁၉၇၀ ခုနှစ်မှ ၂၀၀၄ ခုနှစ်ထိ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနတွင် မြို့နယ်ဒုတိယဦးစီးဌာနမှူး(ဥပဒေ)မှ တိုင်းဦးစီးဌာနမှူးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပါသည်။

## အလုပ်ရှင်အဖွဲ့အစည်းများက ရွေးချယ်သော ပုဂ္ဂိုလ်(၅)ဦး

(၆) **ဦးထွန်းအောင်**

ဦးထွန်းအောင်သည် ၂၇-၅-၁၉၃၈ ခုနှစ်တွင် မွေးဖွားခဲ့ပြီး၊ ဝိဇ္ဇာဘွဲ့ ရရှိခဲ့သူဖြစ်ပါသည်။ ကုန်သည်စက်မှုအသင်းချုပ်တွင် ၁၉၉၃ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ၁၉၉၅ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ၁၉၉၇ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ တွဲဘက်အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၃ ခုနှစ်အထိ ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပါသည်။

(၇) **ဦးသန်းမောင်**

ဦးသန်းမောင်သည် ၂၄-၅-၁၉၅၅ ခုနှစ်တွင် မွေးဖွားခဲ့ပြီး၊ LL.B, M.A (Business Law)ဘွဲ့ ရရှိခဲ့သူဖြစ်ပါသည်။ ၁၉၈၃ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ ရှေ့နေချုပ်ရုံးတွင် ဥပဒေအရာရှိအဖြစ်လည်းကောင်း၊ ၁၉၉၇ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ နိုင်ငံခြား Law Firms များ၌ ဥပဒေပညာရှင်အဖြစ်လည်းကောင်း၊ ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာသုံးသပ်ရေးကော်မရှင်တွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပါသည်။ ယခုအခါ (UMFCCI)၏ ဥပဒေအကြံပေးအဖြစ် တာဝန်ထမ်းဆောင်နေပါသည်။

(၈) **ဒေါက်တာစောယုဝင်း**

ဒေါက်တာစောယုဝင်းသည် ၂၈-၈-၁၉၆၂ ခုနှစ်တွင် မွေးဖွားခဲ့ပြီး LL.B, LL.M (Yangon University)၊ LL.M, Ph.D(Osaka University)တွင် ဘွဲ့ရရှိခဲ့သူဖြစ်ပါသည်။ ၁၉၈၃ ခုနှစ်မှ ၁၉၉၅ အထိ ဥပဒေပညာဌာန၊ ရန်ကုန်တက္ကသိုလ်တွင် နည်းပြ/လက်ထောက်ကထိက(ပြင်ပစာစဉ်နည်းပြအပါအဝင်) အဖြစ်လည်းကောင်း ၁၉၉၇ ခုနှစ်မှ ယခုအချိန်ထိ ဥပဒေအကြံပေးဝန်ဆောင်မှု နိုင်ငံခြားကုမ္ပဏီများတွင် တရားလွှတ်တော်ရှေ့နေ/အကြီးတန်း ဥပဒေအကြံပေးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်နေသူဖြစ်ပါသည်။

(၉) **ဦးညွန့်စိန်**

ဦးညွန့်စိန်သည် ၁-၁၁-၁၉၄၈ ခုနှစ် မွေးဖွားခဲ့ပြီး LL.B (ဥပဒေဘွဲ့) ရရှိခဲ့သူဖြစ်ပါသည်။ ၁၉၇၇ ခုနှစ်မှ ၁၉၇၈ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင် ဌာနစုမှူးအဖြစ်လည်းကောင်း၊ ၁၉၈၆ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၊ ဥပဒေပညာဌာနတွင် လက်ထောက်ကထိကအဖြစ်လည်းကောင်း၊ ၁၉၇၈ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ ဥပဒေအရာရှိအဆင့်-၄ မှ အဆင့်-၁ ထိလည်းကောင်း၊ ၂၀၀၅ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ မြန်မာနိုင်ငံစာရင်းကောင်စီ၊ စီးပွားရေးဥပဒေဌာနတွင် ကထိကအဖြစ်လည်းကောင်း၊ ၂၀၀၄ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ ရန်ကုန်တိုင်းဥပဒေရုံးတွင် ဒုတိုင်းဥပဒေအရာရှိအဖြစ်လည်းကောင်း၊ ၂၀၁၀ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ရန်ကုန် အနောက်ပိုင်းခရိုင်ရွေးကောက်ပွဲကော်မရှင်တွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ၂၀၁၅ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ရန်ကုန်တိုင်းဒေသကြီး အငြင်းပွားမှုဖြေရှင်းရေးခုံသမာဓိအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပါသည်။

(၁၀) **ဦးလှထွန်းခိုင်**

ဦးလှထွန်းခိုင်သည် ၂၈-၂-၁၉၇၉ ခုနှစ်တွင် မွေးဖွားခဲ့ပြီး B.A (Myanmar)၊ DBL ဘွဲ့ရရှိခဲ့သူဖြစ်ပါသည်။ ၂၀၀၉ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ Myanmar Egress Capacity Development Center တွင် Senior Trainner အဖြစ်လည်းကောင်း၊ ၂၀၁၀ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ Myanmar Egress Capacity Development Center တွင် Senior Trainner ၊ ၂၀၁၁ ခုနှစ် ယနေ့အချိန်ထိ UMFCCI တွင် Senior Trainer အဖြစ်လည်းကောင်း ၂၀၁၅ ခုနှစ်မှ ယနေ့အချိန်ထိ Freelance Trainer အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပါသည်။

## အလုပ်သမားအဖွဲ့အစည်းများက ရွေးချယ်သော ပုဂ္ဂိုလ်(၅)ဦး

(၁၁) **ဦးတင်ထွန်း**

ဦးတင်ထွန်းသည် ၁၁-၁၂-၁၉၄၆ ခုနှစ်တွင် မွေးဖွားခဲ့ပြီး၊ A.G.T.I (Mechanical Power)ဘွဲ့ ရရှိခဲ့ပြီး ၁၉၆၅ ခုနှစ်မှ ၁၉၆၆ ခုနှစ်အထိ ကချင်ပြည်နယ်၊ နန်းစော်လော်မူလတန်းကျောင်းတွင် လက်ထောက်မူလတန်းပြဆရာအဖြစ်လည်းကောင်း၊ ၁၉၆၇ ခုနှစ်မှ ၁၉၇၀ ခုနှစ်အထိ ပန်းမတီး အ.မ.ကတွင်လည်းကောင်း၊ တုံလီထုမူလတန်းကျောင်း (ပူတာအို)တွင် PAT အဖြစ်လည်းကောင်း၊ ၁၉၇၅ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ တပ်ကုန်းမြို့ တွဲဖက်အလယ်တန်းကျောင်းတွင် လက်ထောက်အလယ်တန်းပြဆရာအဖြစ်လည်းကောင်း၊ ၁၉၇၉ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ အမှတ်(၁)ကြေးနီစီမံကိန်း၊ ကြေးစင်တောင်၊ မုံရွာတွင် လက်ထောက်စက်မှုအင်ဂျင်နီယာအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပါသည်။

(၁၂) **ဦးရဲကျော်သူ**

ဦးရဲကျော်သူသည် ၁၃-၁-၁၉၈၂ ခုနှစ်တွင် မွေးဖွားခဲ့ပြီး B.A(History)ဘွဲ့ ရရှိခဲ့ပါသည်။ ၁၉၉၉ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ Green Life Car Polishing Center တွင် Polisher စာရေးအဖြစ်လည်းကောင်း၊ ၂၀၀၂ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ Motoring Car Polishing Center တွင် Polisher စာရေးအဖြစ်လည်းကောင်း၊ ၂၀၀၄ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ UP-2 Car Polishing Center တွင် Polisher စာရေးအဖြစ်လည်းကောင်း၊ ၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်(CTUM)တွင် Organizer အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပါသည်။

(၁၃) **ဦးသင်းမောင်ဆွေ**

ဦးသင်းမောင်ဆွေသည် ၂၆-၂-၁၉၄၆ ခုနှစ်တွင် မွေးဖွားခဲ့ပြီး၊ B.S.C(Zoo),RL ဘွဲ့ ရရှိခဲ့သူဖြစ်ပါသည်။ ၁၉၈၃ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ အကောက်ခွန်ဦးစီးဌာန၊ ငွေစာရင်းတွင် Higher Grade Lawyer အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပါသည်။

## (၁၄) ဦးမောင်မောင်အေး

ဦးမောင်မောင်အေးသည် ၁၃-၆-၁၉၅၁ ခုနှစ်တွင် မွေးဖွားခဲ့ပြီး H.G.P (Law)ဖြေဆိုခဲ့သူဖြစ်ပါသည်။ ၁၉၇၁ ခုနှစ်မှ ၁၉၇၆ ခုနှစ်အထိ သစ်လုပ်ငန်း အဖွဲ့တွင် စာရေးအဖြစ်လည်းကောင်း၊ ၁၉၈၁ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ အလယ် တန်းပြဆရာအဖြစ်လည်းကောင်း၊ ၁၉၈၆ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ အထက်တန်းပြ ဆရာအဖြစ်လည်းကောင်း၊ ၂၀၀၆ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ပညာဒါနသင်ဆရာ အဖြစ်လည်းကောင်း၊ ၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ် ယနေ့ချိန်အထိ စာရေးဆရာ အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်နေသူဖြစ်ပါသည်။

## (၁၅) ဦးသိန်းကြွယ်

ဦးသိန်းကြွယ်သည် ၁၉၅၀ ခုနှစ်တွင် မွေးဖွားခဲ့ပြီး ဘီပီအိုင်(ကြို့ကုန်း) အင်းစိန်မြို့တွင် လုပ်ကိုင်ခဲ့ဖူးသူဖြစ်ပါသည်။ ၁၉၆၇ ခုနှစ်၊ နဝမတန်း၊ အင်းစိန်၊ အ.ထ.က(၁)တွင် သင်ကြားခဲ့ပြီး ၁၉၆၈ ခုနှစ်တွင် B.B.P သို့ ဝင်ရောက်ခဲ့ပြီး ၁၉၇၄ ခုနှစ်မှ ၁၉၇၅ ခုနှစ်ထိ အလုပ်သမားများ ဆန္ဒပြမှုဖြင့် ထောင်ဒဏ်(၁၆)နှစ် အပြစ်ပေးခံခဲ့ရပြီး ၁၉၈၀ ခုနှစ်တွင် လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွတ်မြောက်ခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် ၁၉၇၄-၁၉၇၅ အလုပ်သမားဟောင်းကြီးများ ကွန်ရက်၌ အဖွဲ့ဝင် အဖြစ် ပါဝင်ပြီး ၂၀၁၅ ခုနှစ်တွင် ၁၉၇၄-၁၉၇၅-၁၉၇၆ နိုင်ငံရေးအင်အားစုတွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ၂၀၁၆ ခုနှစ်တွင် ၁၉၇၄-၁၉၇၅-၁၉၇၆ နိုင်ငံရေး အင်အားစုမှ ကော်မတီဝင်အဖြစ်လည်းကောင်း၊ အလုပ်သမားရေးရာတွင် ပါဝင်ခဲ့ သဖြင့် ခုံသမာဓိကောင်စီတွင် ရွေးချယ်ခံခဲ့ရပါသည်။